





# အကြမ်းဖက် စစ်ကောင်စီ၏ A Nan Pa [ အနန့်ပါ ]ဒေသ စစ်ရာဇဝတ်မှုအား နက်နက်ရှိုင်းရှိုင်း လေ့လာသုံးသပ် အဖြေရှာကြခြင်း

# ကချင်တော်လှန်ရေးနောက်ခံအကျဉ်းချုပ်

၁၉၄၇ခုနှစ် ဗိုလ်ချုပ်အောင်းဆန်းအပါအဝင် မြန်မာခေါင်းဆောင်များသည် တိုင်းရင်းသား ခေါင်းဆောင်များနှင့်အတူ သဘောတူချုပ်ဆိုထားသော ပင်လုံစာချုပ်ပါ သဘောတူညီချက်များကို ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လက်တွေ့မဖော်ဆောင်နိုင်သည့် အပြင် တစ်ပြည်ထောင် စနစ်ကိုကျင့်သုံးလာခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသားဒေသများသည် အလိုလိုနေရင်း ဗမာတိုင်းရင်းသားမြန်မာပြည်မအစိုးရ၏လက်အောက်သို့ ကျရောက်ခဲ့သည်။ ထိုအချိန်မှစပြီး တိုင်းရင်းသားတန်းတူအခွင့်အရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုသည်မှာ ပင်လုံစာရွက်ပေါ်တွင်သာ ကျန်ရစ်ခဲ့သည်။ ဤဖြစ်ရပ်များကြောင့် ထိုအချိန်က ကချင်တိုင်းရင်းသားပညာတတ်များဖြစ်ကြသော လထော်ဇော်ဆိုင်းနှင့် ဇော်တူးတို့ ညီအစ်ကိုယ်နှစ်ယောက်မှ အစပြုပြီး ကချင်တိုင်းရင်းသား နိုင်ငံရေးအဖွဲ့အစည်းနှင့် လက်နက်ကိုင်တပ်ဖွဲ့ စတင်ပေါ်ပေါက်လာခဲ့သည်။

ကချင်တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းဖြစ်သော ကချင်လွတ်လပ်ရေးအဖွဲ့ (Kachin Independence Organization) KIO ကို အောက်တိုဘာ၂၅ရက် ၁၉၆၀ခုနှစ်တွင် စတင်ဖွဲ့စည်းတည် ထောင်ခဲ့ပြီး ဥက္ကဋ္ဌမှာ လထော်ဇော်ဆိုင်း (နောင်တွင်ဗိုလ်ချုပ်ဖြစ်လာသူ) ဖြစ်သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ နိုင်ငံရေးနည်းလမ်းဖြင့် တရားမျှတမှု ရယူရန်ဖြစ်သည်။ သို့သော် တောင်းဆိုမှုများသည် အရာမရောက်ခဲ့သောကြောင့် ဖေဖော်ဝါရီ ၅ ရက် ၁၉၆၁ ခုနှစ်တွင် ကချင်လက်နက်ကိုင်တပ်ဖြစ်သော ကချင်လွတ်မြောက်ရေးတပ်မတော် (Kachin Independence Army) KIA ကို ဖွဲ့စည်းခဲ့သည်။ ထိုအချိန်မှစတင်ပြီး မြန်မာ့တပ်မတော်နှင့် တိုက်ပွဲပေါင်းများစွာ ဖြစ်ပွားခဲ့သည်။ ကချင်ဒေသတွင် ထိုအချိန်ကတည်းမှစ ယနေ့အချိန်ထိ မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ဖိနှိပ်မှုများ၊ မတရားစွပ်စွဲ သတ်ဖြတ်မှုများကို တွေ့ကြုံခံစားလာခဲ့ရသည်။

၁၉၇ဝခုနှစ် အရောက်တွင် KIO နှင့် စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် မဆလ (မြန်မာဆိုရှယ်လစ်) အစိုးရခေတ်တွင် ငြိမ်းချမ်းရေးဆွေးနွေးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့နောက် နဝတ (နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေး) စစ်အစိုးရသည် ၁၉၈၅ခုနှစ် မြန်မာ့ ခရီးသွားလာရေးနှစ်ကို အကြောင်းပြုကာ ဗိုလ်ချုပ်ခင်ညွန့်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် KIO/KIAနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ၁၉၉၄ခုနှစ်ချုပ်ဆို



နိုင်ခဲ့သည်။ ထိုအချိန်မှစပြီး နအဖ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) စစ်အစိုးရခေတ်အထိ တိုက်ပွဲများဖြစ်ပွားခဲ့ ခြင်းမရှိပေ။ သို့သော် အပစ်အခေတ်ရပ်စဲရေး ကာလတစ်လျှောက်တွင် နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းခဲ့မှုများရှိခဲ့သော်လည်း ထင်သလောက် ခရီးမရောက်ခဲ့ပေ။

အပစ်အခတ်ရပ်ဆဲရေးကာလ ရှည်ကြာလာခဲ့သည်နှင့်အမျှ မြန်မာစစ်အစိုးရသည် ၎င်းတို့၏ မူလအကြံ အစည်များကို ပုံဖော်လာခဲ့တော့သည်။ ဤသည်မှာ စစ်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များအားလုံးကို ၂၀၀၈ အခြေခံဥပဒေကို အကြောင်းပြုပြီး နယ်ခြားစောင့်တပ်ဖွဲ့ အဖြစ် ပြောင်းလဲဖွဲ့စည်းရန် အတင်းအကျပ်ဖိအားပေးလာခဲ့သည်။ သို့သော် ကချင်လက်နက်ကိုင် အဖွဲ့ဖြစ်သည့် KIO/KIA သည် ထိုဖိအားပေးခိုင်းစေမှုကို ငြင်းဆန်ပြီးနောက် နှစ်ဖက်စစ်ရေးတင်းမာမှုများ မြင့်တက်လာခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ ၂၀၁၀ခုနှစ် မတရားရွေးကောက်ပွဲမှ တက်လာသော အရပ်ဝတ်လဲ ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန် သမ္မတဖြစ်လာသည်။ ၎င်းသမ္မတဖြစ်ပြီးနောက် တစ်နှစ်ခန့်အကြာ ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့ တွင် KIO/KIA သည် မြန်မာစစ်တပ်၏ ဦးစွာပစ်ခတ်တိုက်ခိုက်မှုကို ခံခဲ့ရသည်။ ဤသို့ဖြင့် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်သည် ဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရလက်ထက်တွင် ပျက်ပြယ်သွားခဲ့သည်။ ထိုအချိန်မှစ၍ ကချင်ဒေသနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြည်တွင်းစစ် တစ်ဖန် ပြန်လည်ဖြစ်ပွားလာခဲ့သည်မှာ ယနေ့အကြမ်းဖက်စစ်တပ် အာဏာသိမ်းသည့်အချိန်ထိ ဖြစ်နေဆဲဖြစ်သည်။

အကြမ်းဖက်စစ်တပ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် တိုင်းပြည်အာဏာကို မတရားသိမ်းပိုက်ပြီးနောက် တိုင်းရင်းသားဒေသနှင့် ပြည်မများတွင်ပါမကျန် ပြည်သူလူထုအပေါ် နည်းလမ်းမျိုးစုံဖြင့် ၎င်းတို့အားဆန့်ကျင်သူများကို ရန်သူသဖွယ်ပစ်မှတ်ထားပြီး လူသားချင်းမစာမနာ ညှင်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းသည် လျော့နည်းမသွားပဲ၊ တနေ့တခြား ပို၍ဆိုးရွားလာသည်မှာ အားလုံးအသိပင်ဖြစ်သည်။ အကြမ်းဖက်စစ်တပ်တွင် code of conduct ဆိုသည့် စစ်တပ်မှ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်စည်းကမ်း လုံးဝမရှိတော့သည်ကို ၂၀၂၂ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် ဖြစ်ပွားခဲ့သော ဖားကန့်ဖြစ်စဉ်သည် အထင်အရှား သက်သေပြနေသည်။

# A Nang Pa(အနန့်ပါ)ဒေသ လေကြောင်းတိုက်ခိုက်ခံရမှု

ဖြစ်စဉ်မှာ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ရက်နေ့ မြန်မာစံတော်ချိန် ည ၈နာရီ မိနစ်၄၀ခန့်တွင် ဖားကန့်မြို့ ကံစီးကျေးရွာမှ ၂မိုင်ကျော်သွားရသော KIA တပ်မဟာ ၉နယ်မြေ အနန့်ပါဒေသတွင် (KIO)ဖွဲ့စည်းသည့် (၆၂) ပြည့်အထိမ်းအမှတ်ပွဲ ကျင်းပနေစဉ် အကြမ်းဖက်စစ်တပ်မှ ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ဗုံးကျဲပစ်ခတ် တိုက်ခိုက်ခဲ့သောကြောင့် အရပ်သားပြည်သူများ အယောက် ၈၀ ဝန်းကျင်သေဆုံးပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သေဆုံး၊ ထိခိုက်ဒဏ်ရာရသူများထဲတွင် ကချင်အနုပညာရှင်အသင်းမှ နာမည်ကြီးအနုပညာရှင် အဆိုတော်များ၊ ဖိတ်ကြားထားသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်သားပြည်သူများနှင့် KIA တပ်မဟာ ၉ ၏ တပ်မဟာမှူး အပါအဝင် အရာရှိစစ်သည်များ ပါဝင်သည်ဟု ဒေသတွင်းသတင်းများတွင် ဖော်ပြထားသည်။ ပို၍ဆိုးရွားသည်မှာဒဏ်ရာရပြည်သူများကို ဖားကန့်မြို့သို့ သယ်ယူဆေးကုသခွင့်အား အကြမ်းဖက်စစ်တပ်မှ တားမြစ်ပိတ်ပင်ခြင်းသည် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီကို ပေါ်ပေါ်တင်တင် အလေးမထားပဲ ချိုးဖောက်နေကြောင်း ပေါ်လွင်ထင်ရှားပါသည်။



ထို့အပြင် ထိုဖြစ်ရပ်မှ အသက်ဘေးလွတ်မြောက်လာသူများ၊ ဆေးရုံဆေးခန်းသို့ ဆေးကုရန် လာသော ဒဏ်ရာရသူများကို မတရား အသင်းဥပဒေ ၁၇(၁) ဖြင့် အရေးယူမည်ဟု စစ်ကောင်စီမှ ခြိမ်းခြောက်လာကြောင်းကို ဖားကန့်မြို့ခံများမှ Federal Journal သို့ ပြောဆိုထားသည်။ "စစ်ကောင်စီ၏ ယခုကဲ့သို့သော လုပ်ရပ်သည် ကချင်တိုင်းရင်းသား လူထုပေါ်တွင်သာမက အရပ်သားပြည်သူ များအပေါ် ပစ်မှတ်ထားကာ စစ်ရာဇဝတ်မှုကို စနစ်တကျ ထပ်မံကျူးလွန်လိုက်ခြင်း ဖြစ်သကဲ့သို့၊ လူသားမျိုးနွယ်စုကို ဆန့်ကျင်သည့် ရာဇဝတ်မှု (Crime against humanity) နဲ့ အထူးသဖြင့် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်တဲ့ ဖြစ်ရပ်ဖြစ်ပြီး၊ နိုင်ငံတကာ ဥပဒေကြောင်းအရလည်းကောင်း၊ လူ့အခွင့်အရေးရှုဒေါင့်အရလည်းကောင်း ခွင့်လွှတ်နိုင်စရာမရှိတဲ့ ဖြစ်ရပ်နဲ့လုပ်ရပ်ဖြစ်တယ်" လို့ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခုဖြစ်သော ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT) ပြောခွင့်ရ မွန်းနေလီမှ ထောက်ပြ ပြောဆိုထားချက်ကို Federal Journal ၌ ဖော်ပြထားသည်။

A Nang Pa (အနန့်ပါ) ဒေသတိုက်ခိုက်ခံရမှုနှင့် ပတ်သက်ပြီး KIA ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော်မှလည်း သူ၏ လူမှုကွန်ယက်စာမျက်နှာတွင် တုံ့ပြန်ထားသည်မှာ “ A Nang Pa (အနန့်ပါ)ဆိုတာ KIAစခန်း မဟုတ်ပါ။ ခရီးသွားများ ခေတ္တနားကြသော ဈေးဆိုင်တန်း စခန်းငယ်လေး သာဖြစ်သည်။ KIO ဗဟိုကော်မတီသည် မြန်မာအစိုးရအဆက်ဆက်ကို ကူညီထောက်ခံသည့် သူများကိုပင်လျှင် ရန်ဖက်အဖြစ် မသတ်မှတ်ခဲ့ပါ။ သို့သော် ယခုအနန့်ပါသို့ လာရောက်သော ပြည်သူများ၊ ဒေသခံများကို စကစကမူ ရန်သူသဖွယ် ပြုမူခဲ့ပြီဖြစ်သည်။ လူငယ်များကို အခွင့်ကြုံတိုင်း ဘဝမှာ ပြုပြင်လို့မရနိုင်မည့် အမှားများမလုပ်မိဖို့ပြောလေ့ရှိပေမယ့် ဒီလိုအမှားများကို လုပ်သူတွေက လူကြီးတွေပဲဖြစ်နေပါတယ်။ အနန့်ပါတွင် အသက်ဆုံးရှုံးခဲ့ရသူများအားလုံး ကောင်းရာဘုံသို့ ရောက်ရှိကြပါစေလို့ ဆုတောင်းမေတ္တာ ပို့ပါတယ်။ ထိခိုက်ဒဏ်ရာရသူများကိုလည်း ဆုတောင်းမေတ္တာပို့ပါတယ်။ မိသားစုအားလုံးနဲ့ ထပ်တူကြေကွဲဝမ်းနည်းရပါတယ်။ အားလုံးရဲ့ ဝမ်းနည်းကြေကွဲမှုနဲ့ မျက်ရည်တွေဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရင်းနှီးမှုတွေဖြစ်လာမှာပါ” ဟူ၍ ဖြစ်သည်။



ထို့အတူ ထိုတိုက်ခိုက်မှုအပေါ် KIO ၏ သဘောထားထုတ်ပြန်ချက် အချက် ၇ ချက်ပါ နောက်ဆုံး အချက်တွင် “ဤကဲ့သို့သော ဝမ်းနည်းဖွယ်ဖြစ်ရပ်ကို အာဏာရှင်စစ်ကောင်စီအား တွန်းလှန်မည့် တော်လှန်ရေး ခွန်အားအဖြစ်သို့ အရှိန်မြင့်တင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ထိုတိုက်ခိုက်ခံရမှုညတွင် သေဆုံးသွားသော ကို King ကီးဘုတ်တီးသူ၏ သူငယ်ချင်းဖြစ်သူမှလည်း *“ခုလို အင်မတန်မှ ခင်မင်ရသည့် ငယ်သူငယ်ချင်းတစ်ယောက် အပြစ်မဲ့သေဆုံးသွားရတာ တကယ်ကို စိတ်မကောင်းပါဘူး။ အင်မတန်မှ ဖော်ရွေသူတစ်ယောက်၊ လူငယ်ဘဝတုန်းက လူငယ် camp သင်တန်းတွေမှာ တက်တက်ကြွကြွပါဝင်ခဲ့သူ၊ ပျော်ပျော်နေတတ်သူတစ်ယောက် ခုတော့ ဒီမိစ္ဆာအကြမ်းဖက်စစ်တပ်ကြောင့် အသက်ဆုံးရှုံးသွားရပြီ”* ဟုသူ၏ ခံစားချက်ကို ပြောထားသည်။

တိုက်ခိုက်ခံရမှုနှင့် ပတ်သက်ပြီး မြစ်ကြီးနားဒေသခံ ကို(ဆွမ်ဒူ) အမည်လွှဲမှလည်း *“ဒီအကြမ်းဖက် စစ်တပ်က လူစိတ်မရှိတော့ဘူး။ လူမြင်ရင် သူတို့ရန်သူပဲလို့ သတ်မှတ်ပြီးတော့ ပစ်သတ်နေပြီ။ သူတို့ တိုက်ခိုက်ရမည့်ရန်သူလား၊ ပြည်သူလားမခွဲခြားတော့ဘူး။ တွေ့ရာလူ အကုန်ပစ်သတ်နေပြီ။ မြန်မာပြည်ငြိမ်းချမ်းဖို့ကတော့ ဒီလိုစစ်တပ်မျိုးမရှိမှ ဖြစ်လာတော့မယ်ထင်တယ်”* ဟု သူ၏အမြင်ကို ပြောသည်။



အကြမ်းဖက်စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်သော ထိုတိုက်ခိုက်မှုကို World Kachin Congress (WKC) မှလည်း ဝမ်းနည်းခြင်းနှင့် တိုက်ခိုက်မှုကို ရှုံ့ချကြောင်း သဘောထားထုတ်ပြန်ထားသည်။ ထိုနည်းတူ မြောက်ပိုင်း မဟာမိတ်ညီနောင် တိုင်းရင်းသားလက် နက်ကိုင်တပ်များဖြစ်သော ရက္ခိုင့်တပ်တော် AA၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် MNDAA နှင့် တအောင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော်TNLA၊ တို့မှလည်း ဝမ်းနည်းကန့်ကွက်ရှုံ့ချကြောင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH) တို့မှလည်း နိုင်ငံတကာသို့ ချက်ခြင်း အရေးယူမှု လုပ်ဆောင်ရန် ကြေငြာချက် ထုတ်ပြန်ခဲ့သည်။ အမေရိကန်၊ အင်္ဂလန်အပါအဝင် ဥရောပနိုင်ငံ သံရုံးများမှလည်း စုပေါင်းပြီး အနန့်ပါတိုက်ခိုက်မှုကို ဝမ်းနည်းကြောင်းနှင့် ကန့်ကွက်ရှုံ့ချကြောင်း သတင်းထုတ်ပြန်ထားသည်။ အံ့သြစရာကောင်းသည်မှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှာမူ ဖြစ်စဉ်အပေါ် ရေငုံနုတ်ပိတ် နေသည်ကိုတွေ့ရသည်။

အနန့်ပါဒေသ အကြမ်းဖက်တိုက်ခိုက်ခံရမှုအပြီး နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ်တွင် ကျင်းပသည့် အထွေထွေညီလာခံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် တတိယကော်မတီ၏ အစည်းအဝေးတွင် လက်ရှိမြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးကျော်မိုးထွန်းနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာသောမတ်စ်အင်ဒရူး တင်ပြပြောကြားသည့်အထဲတွင် အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည့် ဖားကန့်ဂီတပွဲ ဖြစ်ရပ်အကြောင်း ပါဝင်ခဲ့ပါသေးသည်။ သို့သော်လည်း နိုင်ငံတကာ၏ တုံ့ပြန် ဆောင်ရွက်မှုသည် လိပ်ထက်ပင် နှေးကွေးနေသည်ကို တွေ့နေရသည်။

နိုင်ငံတကာ သဘောတူစာချုပ်တစ်ခုဖြစ်သည့် ရောမဥပဒေ ( Rome statute of 1998) ၌ ပြဋ္ဌာန်းထားသည်မှာ အရပ်သားပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရမည်ကိုသိလျက်ဖြင့် ရည်ရွယ်တိုက်ခိုက်ခြင်း၊ ခုခံနိုင်မှုကင်းမဲ့သည့် မြို့၊ ရွာ၊ အိမ်၊ အဆောက်အဦးများကိုတိုက်ခိုက်ခြင်း၊ ဗုံးကျဲခြင်း၊ အမြောက်များဖြင့် ပစ်ခတ်ပါက စစ်ရာဇဝတ်မြောက်ကြောင်း ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်အရ နိုင်ငံတကာရဲ့ အရေးယူတုံ့ပြန်ဆောင်ရွက်မှုသည် မြန်မာနိုင်ငံနှင့် လားလားမျှ မသက်ဆိုင်သကဲ့သို့ ဖြစ်နေကြောင်း အထင်အရှားမြင်တွေ့နိုင်သည့် အခြေအနေဖြစ်သည်။

# ဒေသခံတစ်ဦး၏ အနန့်ပါဒေသ လေကြောင်းတိုက်ခိုက်ခံရမှု အပေါ် သုံးသပ်ချက်

အရပ်ဖက်အဖွဲ့ အစည်းတစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဒေသခံတစ်ဦးမှလည်း သူ့၏အမြင် ကို ယခုကဲ့သို့ အသေးစိတ်ပြောထားသည်။ *“ညက ဖြစ်သွားတဲ့ အခြေအနေကိုပြောရမယ်ဆိုရင် တစ်ကယ်တော့ ဖားကန့်မှာ တိုက်ပွဲမဖြစ်တာ အနည်းဆုံး ၂ လလောက်တောင် ရှိတော့မယ်။ ဒါကြောင့်လဲ လူတွေက ဘာမှမဖြစ်လောက်ဘူးဆိုပြီး ထင်ထားတဲ့အနေအထားမှာ ဖြစ်သွားတာပေါ့။ ခုချိန်ကတော့ KIO/KIA ရဲ့ အထိမ်းအမှတ်နေ့ဖြစ်တယ်၊ အဲဒီညမှာပွဲ Stage Show လုပ်ဖြစ်တယ်။ အဲဒီမှာ ပြည်သူတွေလည်း Showပွဲလုပ်တယ်ဆိုတော့ တစ်ပုံကြီး လာကြည့်ကြတာ။ အဲဒီအချိန်မှာ အကြမ်းဖက်စစ်တပ်က (Civilians) ပြည်သူတွေ ရှိနေတယ်ဆိုတာကို သိသိကြီးနဲ့ တမင်တကာ target ထားပြီး ရည်ရွယ်ချက်ရှိရှိကို Showလုပ်တဲ့ အလယ်တည့်တည့်ထဲမှာ ဗုံးကိုပစ်ချလိုက်တဲ့ လုပ်ရပ် ဖြစ်တယ်။ အခု ကြည့်မယ်ဆိုရင် တိုက်ပွဲက ပိုပိုဆိုးလာမယ်၊ နောက်လည်းပိုဆိုးလာမယ့် အခြေအနေ ဖြစ်တယ်။ ပြီးတော့တစ်ခုက စစ်ကောင်စီတပ်က သူတို့ရဲ့ အသက်ရှင်မှုဟာ မြေပြင် အခြေအနေ နဲ့ဆိုရင် ဘယ်လိုမှမနိုင်နိုင်တော့ဘူး။ အဲဒါကြောင့် သူတို့က နောက်ဆုံး လေကြောင်းကိုအားကိုး ပြီးတော့မှဗုံးကျဲတယ်၊ လက်နက်ကြီးနဲ့ထုတယ်။ ဆိုတော့ အကြမ်းဖက်စစ်တပ်က သူတို့အသက်ရှင်မှု တစ်ခုတည်းကိုပဲ စဉ်းစားပြီးတော့ (Civilians) ပြည်သူတွေဘာတွေ နားမလည်တော့ဘူး”* ဟုပြော သည်။




ဆက်လက်ပြီး ၎င်းမှ *“နိုင်ငံတကာစစ်ဥပဒေတွေထဲမှာ ကျောင်း၊ ဆေးရုံ၊ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းတို့ ဆိုတာက လုံးဝကိုရှောင်ရမယ့်နေရာတွေ၊ လုံဝကိုထိလို့မရတဲ့နေရာ၊ Civilians တွေရှိတဲ့နေရာတွေကို ရှောင်ရမယ်ဆိုတာ သတ်မှတ်ထားပေမယ့်၊ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီစစ်ကောင်စီက အဲဒါတွေကို လုံးဝဂရုမစိုက်ဘူး။ ဆိုတော့ ပြည်သူတွေအတွက် လုံးဝကို လုံခြုံမှုမရှိ တော့ဘူးဆိုတာဖြစ်သွားပြီ။ သူတို့ ပစ်ချင်တဲ့နေရာက ဘယ်နေမရာမဆို ဖြစ်နိုင်တယ်ဆိုတဲ့ အနေအထားမှာ ဖြစ်သွားပြီ။ ဘယ်နေရာမဆို သူတို့ဗုံးကျဲနိုင်တယ်ဆိုတာ ဖြစ်သွားပြီ။ ဒီလုပ်ရပ်က အရပ်သားပြည်သူကို ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုဆိုတဲ့ interdiscriminate Shelling to Civilians ဆိုတာထက် ပြည်သူတွေကို လုံးဂပစ်မှတ်ထားတဲ့ ပုံစံဖြစ်နေပြီ။ ဥပမာဆိုလို့ရှိရင် သူတို့က ပြည်သူတွေရဲ့ရန်သူဖြစ်သွားပြီ။ ဆိုတော့ စစ်တပ်က ပြည်သူတွေနဲ့ တော်လှန်ရေးတပ်ဆိုတာကို မ*

*ခဲ့တော့ဘူး။ ဒါ သူတို့က တစ်သားတည်းထားပြီး လုပ်တဲ့ပုံစံ။ခုကြည့် ဖားကန့်မှာဖြစ်သွားတဲ့ ကိစ္စက ဒါက သူတို့က တမင်သက်သက် (intension) ရည်ရွယ်ချက်ရှိရှိ ကိုလုပ်တာ။ ဥပမာ– KIA တပ်မဟာ ၆နဲ့ တပ်ရင်း ၆ ဘက်က လူကြီးတွေပါနိုင်တယ်၊ စစ်သားတွေလည်းပါနိုင်တယ်လေ။ အဲဒီအခြေ အနေမှာ ပြည်သူလည်း ပါတယ်လေ။ အဲဆိုတော့ သဘောက သူတို့ရဲ့လုပ်တဲ့ ပုံစံက ဒီမှာရှိတဲ့ ပြည်သူတွေဆိုတာကလဲ အကုန်လုံးက သူတို့ပြောပြောနေကျ သူပုန်ပဲ၊ အဲ့ဆိုတော့ ပြောမယ်ဆိုရင် ကချင်ဆိုတာက KIAတွေပဲ ဆိုတဲ့ဟာမျိုးအမြင်နဲ့ လူမျိုးရေးမုန်းတီးမှုနဲ့လုပ်တယ်ဆိုတာ အရမ်းကို ပေါ်လွင်နေတယ်။ ဆိုလိုဒါက တကယ့်ကို War Crime၊ လူမျိုးရေး၊ လူမျိုးတုန်းသတ်ဖြတ်မှု မြောက်နိုင်တယ်။ မြောက်တယ်လို့ပြောလို့ရတယ်။  ဒါက War Crime စစ်ဥပဒေကျူးလွန်တာ။ ချိုးဖောက်တာဖြစ်တယ်။*

*ခုအခြေအနေက ကျွန်တော်တို့ပြည်သူတွေလည်း ယုံကြည်မှုတည်ဆောက်တဲ့ နေရာမှာဆိုလို့ရှိရင် စကစကို လုံးဝကို ယုံကြည်မှု မရှိတော့ဘူး။ ပြီးတော့ ဒီစစ်ကောင်စီ ရှိနေသရွေ့ကတော့ တိုင်းပြည် ငြိမ်းချမ်းမှု မရနိုင်ဘူးဆိုတဲ့ အခြေအနေမျိုးဖြစ်သွားပြီ။ ခုဆိုလို့ရှိရင် ဒီလိုမျိုး ပြည်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်တာနော် လုံးဝကို ဒါက ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်တာ။ ဒါမျိုး ဆက်လုပ်နေဦးမယ်ဆိုရင် အခြေအနေပိုဆိုးသွားမယ်။ ပြီးတော့ လုံးဂ သီးခံခွင့်လွှတ်မှု ရှိမှာ မဟုတ်ဘူး။ အခုဆိုရင် ကချင်ပြည်သူတွေကြားမှာလဲ ပြောပြောနေကျ "သွေးကြွေးမှာ ဆွေးနွေးစရာ အကြောင်းမရှိ" ဆိုတဲ့ဟာပိုဖြစ်သွားပြီ။ လုံးဝယုံကြည်မှုဆိုတာမရှိတော့တဲ့ အခြေအနေကို ကျွန်တော်တို့ ရောက်နေပြီ။ ရောက်သွားပြီ။ ဒါကြောင့် ရှေ့အလားအလာက လုံးဝမကောင်းဘူး။ ပိုပြီးတော့ ဆိုးရွားလာမယ့် အခြေအနေပဲရှိတယ်။"*

ဆက်လက်ပြီး ၄င်းအနေဖြင့် နိုင်ငံတကာကို တောင်းဆိုလိုက်သည်မှာ *"နိုင်ငံတကာအနေဖြင့် ဒီကိစ္စကို သိဖို့လိုတယ်။ အနာနဲ့ဆေးတည့်အောင် လုပ်ဖို့လိုတယ်။ တွေ့ဆုံဆွေးနွေးမယ့် လမ်းစဉ်ကို ပြည် သူတွေက လုံးဝကိုမကြိုက်တော့ဘူး။ အဲဒါကို နိုင်ငံတကာက ပြောနေဦးမယ်ဆိုရင် အနာနဲ့ဆေး လုံးဝကို မတည့်တော့ဘူး။ အာဆီယံကလည်း ပြည်သူတွေဖက်မှ  မားမားမတ်မတ် ရပ်တည်ပြီး ဒီစစ်အုပ်စုကို ကျွန်တော်တို့အားလုံး လုံးဝပျက်တုံးသွားအောင် အမြစ်ပြုတ်သွားအောင် လုပ်ဆောင် နိုင်မှပဲ ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းလာနိုင်မယ်။ အဲဒါကို အာဆီယံကလည်း  သိဖို့လိုတယ်။ မသိရင် လည်း သိအောင်ကြိုးစားဖို့လိုတယ်။ မသိချင်ဟန်ဆောင်နေလဲ ဟန်ဆောင်မနေနဲ့တော့လို့ ပြောချင်တယ်။ ဒါကြောင့် ဒီ A Nang Pa (အနန့်ပါ) ကိစ္စကို ကျွန်တော်တို့ အရေးယူရမယ်။ ပြည်သူဖက်မှ မားမားမတ်မတ် ရပ်တည်ပြီးတော့ လုပ်ဆောင်ရမယ်ဖြစ်တယ်။ အခုသွားနေတဲ့အခြေအနေက ကျွန်တော်တို့ ရှေ့လျှောက်မယ့် လမ်းခရီးမှာ  ဆွေးနွေးဖို့ဆိုတာက ဝေးသွားပြီ။ လုံးဝကိုဝေးသွားပြီ။ ဆိုတော့ အမြစ်ပြုတ်ချေမုန်းရေး အဲဒီဖက်ကိုသွားနေတဲ့ အခြေအနေဖြစ်သွားပြီ။ ဒီကိစ္စကို အာဆီယံ ကလည်း လုံးဝကိုသိသင့်တယ်။ ခုနပြောသလိုပဲ ကျွန်တော်တို့ နောက်အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲ၊ ဆွေးနွေးမှုမှာ တပ်မတော်ဆိုတာ ရှိကိုမရှိသင့်တော့တာ။ ဒါကို အာဆီယံကလဲ သိဖို့လိုတယ်။ ဒါကို လက်ခံပြီးတော့မှ ဒီတော်လှန်ရေးအမြန်ဆုံးပြီးအောင်သာ ဝိုင်းဝန်းပြီးတော့ ထောက်ပံ့ကူညီပေးဖို့၊ ဝန်းရံပေးဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်တော်ကတော့ အာဆီယံကို အဲဒီလိုပဲ တောင်းဆို ချင်ပါတယ်။ အနာနဲ့ဆေးတည့်အောင် ကူညီပေးကြပါလို့ တောင်းဆိုချင်တယ်။"*

# နိဂုံး

အနန့်ပါဒေသ တိုက်ခိုက်ခံရမှုအပြီး အာဆီယံ၏ နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဘုံသဘောတူညီချက် ၅ ချက်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ရန် ဆုံးဖြတ်ခဲ့သည်မှာ မြန်မာပြည်သူများအတွက်တော့ ကျေနပ်အားရစရာ သတင်းကောင်းတစ်ခုတော့ မဟုတ်ခဲ့ပေ။ တစ်ဖက်၌လည်း တစ်ရက်ပြီးတစ်ရက် ပြည်သူအသက်ပေါင်းများစွာ အသတ်ခံနေရသော်လည်း လက်ရှိအာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီယားဝန်ကြီးချုပ် ဟွန်ဆန်မှ မြန်မာနိုင်ငံ အရေးနှင့်ပတ်သက်ပြီး စိတ်ရှည်သည်းခံဖို့လိုကြောင်း ပြောနေသည်မှာ အကြမ်းဖက်စစ်တပ်၏ ရက်စက် ကြမ်းကြုတ် သတ်ဖြတ်မှုများကို မသိကျိုးကျွန် ပြုနေသကဲ့သို့ ဖြစ်နေသည်။

ထို့ကြောင့် အကြမ်းဖက်စစ်တပ်၏ အနန့်ပါဒေသ၌ ပြည်သူပေါင်းများစွာကို ဗုံးကျဲသတ်ဖြတ် လိုက်သည့် ဖြစ်ရပ်သည် မည်သို့မျှ စိတ်ရှည်သီးခံရမည့် အရာတော့မဟုတ်ပေ။ ထို့ကြောင့်လည်း အရပ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ရှေ့ပြေးအသံအဖွဲ့၊ ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ)(KWAT) နှင့် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) (WLB) တို့မှ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအား မြန်မာစစ်အာဏာရှင်ကို ချက်ခြင်းအရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရန် ကြေငြာချက် ထုတ်ပြန် တိုက်တွန်းထားသည်။ အချုပ်ဆိုရသော် စစ်ကောင်စီ၏ အနန့်ပါဒေသအပေါ် တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မြောက်သည်မှာ ပေါ်လွင်ထင်ရှားနေသည်။ နိုင်ငံတကာ၏ အရေးယူလုပ်ဆောင်မှု ဆက်လက်ပြီး ထိုင်းမှိုင်းတုံ့ဆိုင်းနေပါက ကချင်ဒေသ ရှေ့အလားအလာတွင် အကြမ်းဖက်စစ်ကောင်စီ နှင့် KIA အကြား မြို့တွင်းတိုက်ပွဲအပါအဝင် တိုက်ပွဲပေါင်းများစွာ အရှိန်အဟုန်မြင့်တက်လာနိုင်ပါသည်။

# တောင်းဆိုချက်များ



- မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန်။
- မြန်မာနိုင်ငံအတွင်း စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စစ်ရာဇဝတ်မှု ကျူးလွန်နေမှုများအား ကွင်းဆင်းလေ့လာ စစ်ဆေးနိုင်ရန်အတွက် နိုင်ငံတကာမှ အထူးအဖွဲ့များ တရားဝင်စေလွှတ်လုပ်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရန်။
- မြန်မာစစ်တပ်အပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ခဲယမ်းရောင်းချမှု ပိတ်ဆို့ရေး ချမှတ်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ရန်။
- မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကို ရပ်တန့်စေရန်အတွက် လေယာဉ်ဆီတင်ပို့ ရောင်းချမှုကို ပိတ်ဆို့ရန်။
- စစ်တပ်၏ အကြမ်းဖက်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ထိခိုက်အလွယ် ဆုံးသော ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ (IDPs) ထံသို့ အကူအညီများ ရောက်ရှိစေရန်အတွက် နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများမှတစ်ဆင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အကူအညီ ပံ့ပိုးနိုင်ရေး ကြိုးပမ်းမှုများ ညှိနှိုင်းဆောင်ရွက်ရန်။
- အကြမ်းဖက်စစ်တပ်၏ ရက်စက်ယုတ်မာသော ချိုးဖောက်မှုများကို အဆုံးသတ်နိုင်ရေးအတွက် အာဆီယံသည် ရှင်းလင်းပြတ်သားသော သတ်မှတ်တာဝန်နှင့်ဝတ္တရားများ ချမှတ်ရန်။
- နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အသံနှင့် သတင်းထုတ်ပြန်ချက်များကို လျှစ်လျူမရှုဘဲ ပိုမိုအလေးထားဆောင်ရွက်ပေးရန်။

ဖော်ပြပါ သတင်းအကြောင်းအရာများ အချို့ကို အောက်ပါသတင်းဌာနများမှ ပြန်လည်ကောက်နုတ် ဖော်ပြထားသည်။

https://bit.ly/3NOYle1
https://burmese.kachinnews.com/2022/10/25/yl1-24/
https://www.bbc.com/burmese/articles/c2j0rxyxl9yo
https://burma.irrawaddy.com/opinion/interview/2022/10/27/255569.html
https://www.bbc.com/burmese/articles/cyj818x40elo
https://burma.irrawaddy.com/opinion/viewpoint/2022/10/31/255673.html
https://burma.irrawaddy.com/news/2022/10/21/255447.html
https://www.federaljournal.org/fj-mm-11058-2/

ဓါတ်ပုံ – https://burmese.kachinnews.com/
– Citizen Journalists




https://nd-burma.org/

https://twitter.com/NDBurma

https://www.facebook.com/theNDBurma